# ကျောင်းသူကျောင်းသားများ အိမ်တွင်း အင်တာနက် အစီအစဉ်

## ခြုံငုံရှင်းလင်းချက်

မိမိတို့အိမ်တွင် အားထားနိုင်သည့် အင်တာနက်မရှိသော ကျောင်းသားကျောင်းသူများအတွက် အခမဲ့အင်တာနက် ရရှိနိုင်ပါသည်။ ယင်းကို ‘ကျောင်းသားကျောင်းသူများ အိမ်တွင်း အင်တာနက် အစီအစဉ်’ (‘student home internet program’) မှတဆင့် ရနိုင်ပါသည်။ မိမိတို့အိမ်တွင် အားကိုးစိတ်ချရသည့် အင်တာနက် အသုံးပြုနိုင်ခြင်းသည် တိုးချဲ့ပညာသင်ကြားနိုင်စေရန်အတွက် အွန်လိုင်းလေ့လာသင်ကြားရေးကို အထောက်အကူပြုပါသည်။ ယင်းသည် ဆရာဆရာမများအား ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုသည့် ပညာသင်ကြားရေးဆိုင်ရာ အတွေ့အကြုံများ တီထွင်ဖန်တီးနိုင်စေရန် လမ်းဖွင့်ပေးပါသည်။ အသုံးပြုနိုင်ခွင့်ရှိသော ကျောင်းသူကျောင်းသားမိသားစုများသည် အောက်ဖော်ပြပါ အဆင့်များကို ဤစာမျက်နှာပါ အဆင့်များအတိုင်း လိုက်လုပ်ခါ အင်တာနက် အသုံးပြုခွင့် တောင်းခံနိုင်ပါသည်။

## အသုံးပြုခွင့်ရှိမှု

ဩစတြေးလျားနိုင်ငံ တောင်ပိုင်းပြည်နယ် အစိုးရကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေပြီး မိမိတို့အိမ်တွင် အားထားနိုင်သည့် အင်တာနက် ချိတ်ဆက်မှုမရှိသော ကျောင်းသားကျောင်းသူများ အားလုံးအတွက် အသုံးပြုခွင့်ပေးထားပါသည်။ ကျောင်းသားကျောင်းသူများသည် အင်တာနက် အသုံးပြုခွင့်ကို မိမိတို့အိမ်တွင် ပညာသင်ကြားလေ့လာရန်အတွက်သာလျှင် အသုံးပြုရမည်ဖြစ်သည်။

## ကျွန်ုပ်တို့က ပံ့ပိုးပေးမည့်အရာများ

ဌာနအနေနှင့် အောက်ဖော်ပြပါ အရာတို့ကို ပံ့ပိုးပေးပါမည် -

- အကယ်၍ သင်လိုအပ်ပါက ဒေါ်န်ဂယ်လ် (dongle) ဟုခေါ်သော (သေးငယ်သည့် USB ကိရိယာတစ်ခု)
- မိုဘိုင်းအင်တာနက် SIM ကတ် တစ်ခု နှင့်
- ကျောင်းစာသင်နှစ် ကုန်ဆုံးသည်အထိ အိမ်တွင်း အင်တာနက် အသုံးပြုခွင့် တို့ဖြစ်ပါသည်။

နှစ်ကုန်ဆုံးသည့်အခါ အင်တာနက် အသုံးပြုခွင့်ကို ရပ်လိုက်မည်ဖြစ်ပါသည်။ အကယ်၍ သင့်အနေနှင့် ဆက်လက်လိုအပ်ပါက နောက်တစ်နှစ်တွင် ဆက်လက် လျှောက်ထားနိုင်ပါသည်။ သင့်ကလေးသည် SIM ကတ် ထည့်နိုင်သော အပေါက်ပါရှိသည့် လက်ပ်တော့ပ်သို့မဟုတ် တက်ဘလက် အသုံးပြုမည်ဆိုပါက ဒေါ်န်ဂယ်လ် မလိုအပ်ပါ။

## အိမ်တွင်းအင်တာနက် အစီအစဉ်ကို တောင်းခံခြင်း

သင့်အနေနှင့် ဤဝန်ဆောင်မှုကို အချိန်မရွေး တောင်းခံနိုင်ပါသည်။ အင်တာနက် အသုံးပြုခွင့်သည် ကျောင်းသားကျောင်းသူ အများအပြားအသုံးပြုစေနိုင်သဖြင့် မိသားစုတစ်စုလျှင် တောင်းခံလွှာတစ်ခုသာ လိုအပ်မည်ဖြစ်သည်။

အိမ်တွင်း အင်တာနက် အစီအစဉ် တောင်းခံရန်အတွက် -

- တောင်းခံလွှာပုံစံနှင့် အသုံးပြုသူ သဘောတူညီချက်ကို ဖြည့်စွက်ပါ။
- ဖြည့်စွက်ပြီးပုံစံကို အီးမေးလ်ဖြင့်၊ ဖက်စ်ဖြင့် သို့မဟုတ် လူကိုယ်တိုင် ကျောင်းသို့ ပို့ပေးပါ။

ထို့နောက်၊ သင့်ကျောင်းက အင်တာနက်ဝန်ဆောင်မှုကို ဌာနမှ တောင်းခံပါလိမ့်မည်။ ကျွန်ုပ်တို့က သင့်အင်တာနက် အသုံးပြုခွင့်ကို စီစဉ်ပြီး လိုအပ်နေသည့် ကိရိယာများကို ကျောင်းသို့ ပို့ပေးပါမည်။ ကိရိယာများလာယူရန် အဆင်သင့်ဖြစ်ပါက သင့်ကို ကျောင်းမှ အသိပေးပါလိမ့်မည်။

အကယ်၍ သင် ကျောင်းစာသင်နှစ်တွင် လျှောက်ထားပါက သင့်အင်တာနက် စီစဉ်ရန်အတွက် အချိန် 2 ပတ်မှ 3 ပတ်အထိ စောင့်ရန်လိုပါသည်။

## အဆက်အသွယ်

အကယ်၍ သင် နောက်ထပ် ကူညီပံ့ပိုးမှု လိုအပ်ပါက သင့်ကျောင်းကို ဆက်သွယ်ပါ။


Government of South Australia
Department for Education